

# ပါဠိအခြေခံသင်ခန်းစာ

## Day - 10

## **နာမ်ဝိဘတ်** (Noun Preposition)

paligrammar.yam@gmail.com

# ကညာဒိဂိုဏ်း (ဣတ္တိလိန် )

## ကညာ - သတို့သမီး

| ဝိဘတ် | ဧကဝုစ် | ဗဟုဝုစ် |
|---|---|---|
| ပ | ကညာ | ကညာ, ကညာယော |
| အာ | ဘောတိ ကညေ | ဘောတိယော ကညာ, ကညာယော |
| ဒု | ကညံ | ကညာ, ကညာယော |
| တ | ကညာယ | ကညာဟိ, ကညာဘိ |
| စ | ကညာယ | ကညာနံ |
| ပ္ပ | ကညာယ | ကညာဟိ, ကညာဘိ |
| ဆ | ကညာယ | ကညာနံ |
| သ | ကညာယ, ကညာယံ | ကညာသု |

# နာမ်ဝိဘတ် အနက်

၁။ သည် - ကား - က ပဌမာ ဝုတ္တာ,

ကို - သို့ စ ဒုတိယာ မတာ၊

သည် - ဖြင့် - နှင့် - ကြောင့် စ တတိယာ,

အား - ငှာ စ စတုတ္ထီ မတာ။

၂။ မှ - ကြောင့် - အောက် - ထက် ပဥ္စမီ စေဝ,

၏ - တွင် - သည် - ကို ဆဋ္ဌီ မတာ၊

သတ္တမီမှာ ၌ - တွင် - ကြောင့် စ,

ခေါ် - ထူးသမျှ အာလပနာ။

ဝိဘတ်ကို အနက်ပေးရာ၌ လက်ျာသံပေါက်ကို ကြည့်၍ ဤသို့ အနက်ပေးလို့ရပါသည်။

| | | |
|---|---|---|
| **ပဌမာ**- | ပညာ- ဉာဏ်ပညာသည်, ကား, က၊ | ပညာယော- ဉာဏ်ပညာတို့သည်, တို့ကား, တို့က |
| **အာလုပ်**- | ဘောတိ ပညေ- အို ... ဉာဏ်ပညာ၊ | ဘောတိယော ပညာ, ပညာယော- အို ... ဉာဏ်ပညာတို့ |
| **ဒုတိယာ**- | ပညံ- ဉာဏ်ပညာကို, ဉာဏ်ပညာသို့၊ | ပညာယော- ဉာဏ်ပညာတို့ကို, တို့သို့ |
| **တတိယာ**- | ပညာယ- ဉာဏ်ပညာသည်, ဖြင့်, နှင့်, ကြောင့်၊ | ပညာဟိ- ဉာဏ်ပညာတို့သည်, တို့ဖြင့်, တို့နှင့်, တို့ကြောင့် |
| **စတုတ္ထီ**- | ပညာယ- ဉာဏ်ပညာအား, အလို့ငှာ၊ | ပညာနံ- ဉာဏ်ပညာတို့အား, တို့အလို့ငှာ |
| **ပဉ္စမီ**- | ပညာယ- ဉာဏ်ပညာမှ, ကြောင့်, အောက်, ထက်၊ | ပညာဟိ- ဉာဏ်ပညာမှ, တို့ကြောင့်, တို့အောက်, တို့ထက် |
| **ဆဋ္ဌီ**- | ပညာယ- ဉာဏ်ပညာ၏, တွင်, သည်, ကို၊ | ပညာနံ- ဉာဏ်ပညာတို့၏, တို့တွင်, တို့သည်, တို့ကို |
| **သတ္တမီ**- | ပညာယ, ပညာယံ- ဉာဏ်ပညာ၌, တွင်, ကြောင့်၊ | ပညာသု- ဉာဏ်ပညာတို့၌, တို့တွင်, တို့ကြောင့် |

# ကတ္တားနှင့် ကြိယာ (ပစ္စုပ္ပန်ကြိယာဝိဘတ်- Present Tense)

**တိ, အန္တိ။** **သိ, ထ။** **မိ, မ။**

**ဂစ္ဆတိ, ဂစ္ဆန္တိ။** **ဂစ္ဆသိ, ဂစ္ဆထ။** **ဂစ္ဆာမိ, ဂစ္ဆာမ။**

3rd Person - သူ
(အယံ, ဣမာ)

ကညာ ဂစ္ဆတိ။

ကညာယော ဂစ္ဆန္တိ။

2nd Person - သင်
(တွံ, တုမှေ)

တွံ ဂစ္ဆသိ။

တုမှေ ဂစ္ဆထ။

1st Person - ငါ
(အဟံ, မယံ)

အဟံ ဂစ္ဆာမိ။

မယံ ဂစ္ဆာမ။

အစ ၂ သွယ်, 'သူ့'တွက်ချယ်၊ (3rd person - အယံ, ဣမာ)
အလယ် ၂ လုံး, 'သင့်'တွက်သုံး၊ (2nd person)
အဆုံး ၂ ချက်, 'ငါ့'အတွက်၊ (1st person)
၃ ချက် နားလည်စေ။

# ကတ္တားနှင့် ကြိယာ (ပစ္စုပ္ပန်ကြိယာဝိဘတ်- Present Tense)

## တိ, အန္တိ။ သိ, ထ။ မိ, မ။

| ဝိဘတ် | ချက်၏ | အိပ်၏ | နှစ်သက်၏ | ဖြစ်ပေါ်၏ | သိ၏ | ပြုလုပ်၏ | နေထိုင်၏ | Person |
|---|---|---|---|---|---|---|---|---|
| တိ | ပစတိ | သယတိ | နန္ဒတိ | ဥပ္ပဇ္ဇတိ | ဇာနာတိ | ကရောတိ | ဝိဟရတိ | 3rd Person -သူ |
| အန္တိ | ပစန္တိ | သယန္တိ | နန္ဒန္တိ | ဥပ္ပဇ္ဇန္တိ | ဇာနန္တိ | ကရောန္တိ | ဝိဟရန္တိ | |
| သိ | ပစသိ | သယသိ | နန္ဒသိ | ဥပ္ပဇ္ဇသိ | ဇာနာသိ | ကရောသိ | ဝိဟရသိ | 2nd Person -သင် |
| ထ | ပစထ | သယထ | နန္ဒထ | ဥပ္ပဇ္ဇထ | ဇာနာထ | ကရောထ | ဝိဟရထ | |
| မိ | ပစာမိ | သယာမိ | နန္ဒာမိ | ဥပ္ပဇ္ဇာမိ | ဇာနာမိ | ကရောမိ | ဝိဟရာမိ | 1st Person - ငါ |
| မ | ပစာမ | သယာမ | နန္ဒာမ | ဥပ္ပဇ္ဇာမ | ဇာနာမ | ကရောမ | ဝိဟရာမ | |

## လေ့ကျင့်ခန်း (၁)

**နာမ်ဝိဘတ်** (ကညာဒိဂိုဏ်း)

ကညာဒိဂိုဏ်းစဉ် ကြည့်၍လည်းကောင်း, မကြည့်ဘဲလည်းကောင်း အောက်ပါပုဒ်များကို လေ့ကျင့်ကြည့်ခဲ့ပါ။

၁။ ပညာ - ဉာဏ်ပညာ၊

၂။ ပုစ္ဆာ - အမေး၊

၃။ သိက္ခာ - အကျင့်(သိက္ခာ)၊

၄။ ဘိက္ခာ - ထမင်း(ဆွမ်း)၊

၅။ ဝါစာ - စကား၊

၆။ ဂါထာ - ဂါထာ

## လေ့ကျင့်ခန်း (၂)

## ပစ္စုပ္ပန်ကြိယာဝိဘတ်

**၁။ နန္တတိ ၂။ ဥပပ္ပဇ္ဇတိ**

**၃။ ဓာနာတိ ၄။ ကရောတိ ၅။ ဝိဟရတိ**

အထက်ပါ ကြိယာတို့ကို နာမ်/ နာမ်စား (သူအုပ်စု - 3rd Person၊ သင်အုပ်စု - 2nd Person၊ ငါအုပ်စု - 1st Person) တို့ဖြင့် တွဲဖတ်လေ့ကျင့်ခဲ့ပါ။

ဥပမာ- သယတိ - အိပ်၏။

သာမဏေရော သယတိ။

သာမဏေရာ သယန္တိ။

တွံ သယသိ။

တုမှေ သယထ။

အဟံ သယာမိ။

မယံ သယာမ။

လေ့ကျင့်ခန်းများကို ဗုဒ္ဓဟူးနေ့ နောက်ဆုံးထား၍ email မှတဆင့် ပို့ပေးစေလိုပါတယ်။

paligrammar.yam@gmail.com